# ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ

# Kayah State Democratic Party

## နိဒါန်း

ကယားပြည်နယ်အတွင်း ရှေးနှစ်ပေါင်းများစွာကပင် မှီတင်းနေထိုင်ကြသော ဒေသခံတိုင်းရင်းသားများအားလုံး၏ မူလရပိုင်ခွင့်များအမှန်တကယ် ရရှိစေရန်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများသည် တန်းတူညီမျှအခွင့်အရေးရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖြစ်ပေါ်ရေးကိုဖော်ဆောင်ပေးရန်အတွက် ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီကြီးအား ဖွဲ့စည်းလိုက်ပါသည်။ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီသည် လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) (ANDP)နှင့် ကယားလူမျိုးစုဒီမိုကရေစီပါတီ (KUDP) ပါတီတို့ပူးပေါင်းထားသည့် ပါတီကြီးဖြစ်သည်။

ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသည် ကယားပြည်နယ်အတွက် အာရုံစိုက်၍ ဒေသခံလူထုအတွက်အကျိုးရှိစေမည့် သဘာဝသယံဇာတများ စီမံအသုံးပြုရေး မူဝါဒ၊ ဘဏ္ဍာခွဲဝေသုံးစွဲရေး မူဝါဒ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ ဒေသငြိမ်းချမ်းရေး မူဝါဒ အစရှိသည့် မူဝါဒများ အားလုံးကို မားမားမတ်မတ် ရပ်တည်တောင်းဆို ဖော်ဆောင်သွားမည်။

## အမည်နာမ

ယခုပါတီ၏ အမည်နာမကို မြန်မာဘာသာဖြင့် "ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ" ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် "Kayah State Democratic Party" ဟုလည်းကောင်း ခေါ်ဆိုရမည်။

## ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ၏ ရည်မှန်းချက်

ဒေသခံတိုင်းရင်းသားများအားလုံး ခွဲခြားဖိနှိပ်မှုမရှိသော၊ လွတ်လပ်ပွင့်လင်းသော၊ တရားမျှတသော၊ ဖွံ့ဖြိုးတိုးတက်သော လူမှုအသိုင်းအဝန်းတစ်ခုသို့ ရောက်ရှိရန် ရည်မှန်းသည်။

အထက်ပါ ရည်မှန်းချက်များ ပြည့်မြောက်စေရန်အတွက် ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ သည် အောက်ပါရည်ရွယ်ချက်များကို တစ်စိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်။

- ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာ များကို ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းအတွက် အမှန်တကယ် အကျိုးရှိစေရန်၊ တရားမျှတသောရွေးကောက်ပွဲများမှတဆင့် ရယူကျင့်သုံးသွားရန်

- ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသည် လူထုအခြေပြု ဆွေးနွေးပွဲများကိုအခြေခံ၍ ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်သွားရန်
- ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသည် အာဏာရှင်စနစ်နှင့် ဗဟိုချုပ်ကိုင်မှုစနစ်ကို အစဉ်အမြဲတွန်းလှန်၍ အာဏာခွဲဝေမှုအပြည့်ရှိသော ဖက်ဒရယ်ဒီမိုကရက်တစ်စနစ်ကို အခြား မိတ်ဖက်ပါတီများနှင့် ပိုင်းဝန်းတည်ဆောက်သွားရန်

## ပါတီ၏အလံနှင့် Logo တံဆိပ်

ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ၏ အလံမှာအောက်ပါအတိုင်းဖြစ်သည်။



ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ၏ အလံ၏အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

- အလံအား အလျား (၆)ပေနှင့် အနံ (၄)ပေကျယ်ပြန့်မှုပေါ်တွင် (အပေါ်မှအောက်) အပြာရောင်၊ အဖြူရောင်၊ အနီရောင်စသည်ဖြင့် အစဉ်အတိုင်း အချိုးတူညီစွာ ပါရှိသည်။ အလံ၏အပေါ်ဆုံးတွင် တည်ရှိသည့် အပြာရောင်၏ဘယ်ဘက်ထောင့်၌ ကြယ်ဖြူတလုံးနှင့် သုံးရောင်အလယ်တွင် ရွှေရောင်ဖားစည်ပုံဖြင့် အလံအားသတ်မှတ် ထားရှိရပါမည်။

ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ၏ Logo အမှတ်တံဆိပ်မှာအောက်ပါအတိုင်းဖြစ်သည်။

- ပြာ၊ ဖြူ၊ နီ နှင့် ကြယ်ဖြူတို့မှာ အလံတွင်ပါသည့်အတိုင်းဖြစ်သည်။ Logo ၏ ညာဘက်တွင် အနံ၏အတိုင်းအတာပြည့် အနီရောင်စက်ဝိုင်းအလည်တွင် ရွှေရောင်ဖားစည်ပုံ။

ရွှေရောင်ဖားစည်၏အထက်နှင့် အောက်တွင် "ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ" မြန်မာစာသားနှင့် "Kayah State Democratic Party" ဟူသောအင်္ဂလိပ်စာသားပါရှိသည်။

## ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ၏ဖွဲ့စည်းပုံ

ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီသည် စုပေါင်းခေါင်းဆောင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လုပ်ဆောင်ကြမည့် အဖွဲ့အစည်းဖြစ်သည့်အလျောက် အောက်ပါဖွဲ့စည်းလည်ပတ်ပုံ အဆင့်ဆင့်ဖြင့် ဖွဲ့စည်းလုပ်ဆောင်သွားရမည်။

(၁) ပုံမှန်ညီလာခံ (Regular Congress)
(၂) ဗဟိုကော်မတီ (Executive Committee)
(၃) အကြံပေးအဖွဲ့ (Advisory Team)
(၄) ဥက္ကဋ္ဌ (Chair persons)
(၅) အတွင်းရေးမှူးအဖွဲ့ (Secretary Team)
(၆) လုပ်ငန်းအဖွဲ့ (Working Group)
(၇)ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ဖုံများ၊ ကျေးရွာအုပ်စုများ၊ ရပ်ကျေးများ၏ တာဝန်ခံများဖြင့် အထက်ပါအတိုင်း ဆင့်ကဲအာဏာစီးဆင်းပုံစံဖြင့် ဖွဲ့စည်းသည်။

(က)ပါတီ၏ဗဟိုကော်မတီ (၉)ဦး
(ခ)ပါတီ၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (၁၇)ဦး
(ဂ)ခရိုင်အလုပ်အမှုဆောင်အဖွဲ့(၂)ဖွဲ့ ကို တစ်ဖွဲ့လျှင် (၁၁)ဦး
(ဃ)မြို့နယ်အလုပ်အမှုဆောင်အဖွဲ့(၇)ဖွဲ့ကို တစ်ဖွဲ့လျှင် (၉)ဦး
(င)ရပ်ကျေးအလုပ်အမှုဆောင်အဖွဲ့ တစ်ဖွဲ့လျှင် (၇)ဦး
(စ)အမျိုးသမီးအဖွဲ့
(ဆ)လူငယ်အဖွဲ့နှင့်
(ဇ)အကြံပေးအဖွဲ့ဟူ၍ အသီးသီးဖွဲ့စည်းထားရှိပါသည်။

### ပါတီဝင်လျှောက်ထားခြင်းနှင့် နုတ်ထွက်ခြင်း

အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်း ပါတီဝင်လျှောက်ထားခွင့်ရှိရမည်။ ပါတီဝင်တစ်ဦးသည် အခြားပါတီတစ်ခုခု၏ ပါတီဝင် ဖြစ်ပါက တရားဝင် နုတ်ထွက်ရမည်ဖြစ်သည်။

ပါတီဝင်တစ်ဦးသည် ပါတီ၏စည်းမျဉ်းစည်းကမ်း ချိုးဖောက်ခြင်း၊ စိတ်မဝင်စားခြင်းများရှိပါက ပါတီမှ တရားဝင် နုတ်ထွက်နိုင်သည်။




ပြည်ထောင်မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ကြသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ပြည်ထောင်စုစနစ်အရ လူမျိုးနွယ်စုများကို အခြေခံသောပြည်နယ်များ၊ ပထဝီအခြေခံသောပြည်နယ်များ စသည့် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များဖြင့် ဖွဲ့စည်းတည်ဆောက်ပြီး ဖက်ဒရယ်ပြည်ထောင်စုအင်္ဂါရပ်များနှင့်အညီ ဖော်ဆောင်သွားနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းပေးရပါမည်။

တိုင်းရင်းသားပြည်နယ်တိုင်းသည် နိုင်ငံရေး၊ ဘဝလုံခြုံမှုရှိရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိစေရမည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို အပြည့်အဝကျင့်သုံးခွင့်ရှိစေရန် အခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းရပါမည်။ အာဏာခွဲဝေမှု (Division of Power)တွင် ပြည်ထောင်စုအာဏာ(Exclusive of Federal Power)၊ ပူးတွဲအာဏာ(Shared Rule or Concurrent Power)၊ ပြည်နယ်အာဏာ။ (Exclusive of State Power /Reserved Power) ကြွင်းကျန်အာဏာ(Residual Power) စသည်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းကျင့်သုံးစေရပါမည်။

## (က) နိုင်ငံရေးမူဝါဒ

အချုပ်အခြာအာဏာသည် ပြည်သူနှင့် ပြည်နယ်များမှ ဆင်းသက်သော အာဏာခွဲဝေမှုရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ရေးအတွက်၊ လွတ်လပ်၍တရားမျှသော ရွေးကောက်ပွဲ ကျင်းပသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့်၊ နိုင်ငံတကာစံနှုန်း ပြည့်ဝသော လူ့အခွင့်အရေးများကို အထူး ကာကွယ် မြှင့်တင်သွားမည်။ ထို့အပြင် လူနည်းစုအခွင့်အရေးများကိုလည်းအထူးဖော်ဆောင်သွားမည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်သုံးရပ်ကို အပြန်အလှန်ထိန်းကျောင်းသည့် စနစ်ဖြစ်သည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား

တရားဝင်အာဏာခွဲဝေ၍ ပူးပေါင်းပြီး အုပ်ချုပ်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခြင်းတို့ကို သဟဇာတမျှတအောင် အကောင်အထည် ဖော်ရမည်ဖြစ်သည်။ ထိုစနစ်အောက်တွင် ပြည်ထောင်စုအစိုးရက အာဏာနှင့် လုပ်ပိုင်ခွင့်များကိုလျှော့ချပြီး ဒေသ၊ ပြည်နယ်အစိုးရကျင့်သုံးသည့် အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝပေးသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် အာမခံချက်ရှိသော စနစ်တစ်ခုဖြစ်လာသည်။ လူတစ်ဦးစီ ကိုယ်ပိုင်အခွင့်အရေးရရှိသကဲ့သို့ လူမျိုးစုအခွင့်အရေး အခြေခံလက္ခဏာ (Identity)နှင့် ပတ်သက်သော မူဝါဒချမှတ်ရာတွင် သက်ဆိုင်ရာလူမျိုးစုတို့၏ သဘောဆန္ဒကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ ဥပဒေဖြင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးကိစ္စရပ်များတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချပြီး ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍကို မြင့်တင်သွားရမည်ဖြစ်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် နေရာများကိုသော်လည်း ကောင်း၊ ပြည်ထောင်စုတစ်ခုလုံးအတွင်း ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် သော်လည်းကောင်း၊ နိုင်ငံရေးပြဿနာများပြေလည်သွားစေရန် နိုင်ငံရေးစားပွဲဝိုင်းတွင် ညှိနှိုင်းအဖြေရှာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်သည်။

## (ခ) အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာ မူဝါဒ

အစိုးရမှ အုပ်ချုပ်ရေးအာဏာများကို အပြန်အလှန်ထိန်းညှိမှုနှင့် အာဏာခွဲဝေမှုရှိရမည့်အပြင် ပြည်တွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အရေးကြီးသော မူဝါဒများကို ထိန်းကျောင်းခြင်းမှ အပ ပြည်သူလူထုလွတ်လပ်မှုနှင့် အခွင့်အရေးပိုင်းဆိုင်ရာ ကဏ္ဍများစွာတို့တွင် ဗဟိုအစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်းမရှိသော အုပ်ချုပ်ရေးမူဝါဒကို ကိုင်စွဲသွားမည်။ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီသည် ဒေသန္တရ အုပ်ချုပ်ရေး၏ ထိရောက်မှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိရေးကို အလေးအနက် မူဝါဒချမှတ် အကောင်အထည်ဖော်သွားမည်။

## (ဂ) စစ်ရေးနှင့် လုံခြုံရေးမူဝါဒ

ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသည်

၁) ပြည်သူလူထု၏ လုံခြုံရေးသည် အဓိကဖြစ်သည်ဟုခံယူသည်။

၂) လက်ရှိ မြန်မာနိုင်ငံ၏ လုံခြုံရေးဆိုင်ရာများမူဝါဒတစ်ခုလုံးအား ဒီမိုကရေစီစံ၊ လူ့အခွင့်အရေးစံ၊ ခေတ်မီပြီးအရပ်သားထိန်းချုပ်မှုအောက်တွင် ထားရှိသည့် လုံခြုံရေးဆိုင်ရာ မူဝါဒအသစ်တစ်ရပ် ရေးဆွဲချမှတ်သင့်သည်ဟု ခံယူသည်။

၃) အထက်ပါ အသစ်ရေးဆွဲသည့် လုံခြုံရေးမူဝါဒများကိုအခြေခံ၍ လက်ရှိ မြန်မာနိုင်ငံတွင်ရှိသော လုံခြုံရေးတပ်ဖွဲ့များပြောင်းလဲဖွဲ့စည်းခြင်းကို အထူးထောက်ခံသွားမည်။

၄) ပြည်ပနိုင်ငံများ၏ နိုင်ငံရေးနှင့် စစ်ရေးပါဝင်စွက်ဖက်မှုမရှိသော ပြည်တွင်းစစ်ပဋိပက္ခဆိုင်ရာ ကိစ္စများကို အစိုးရမှ တဖက်သတ် အပစ်ခက်ရပ်စဲရေးကြေညာ၍ ဖြေရှင်းသွားရေးကို ထောက်ခံ လုပ်ဆောင် သွားမည်။

၅) ပြည်ပနိုင်ငံများနှင့် စစ်ဖြစ်ပွားခြင်းကို သံတမန်နည်းများဖြင့် အဓိကထားဖြေရှင်းသည့် မူဝါဒများကို ကိုင်စွဲထားသည်။

## (ဃ) ပြည်တွင်းငြိမ်းချမ်းရေး မူဝါဒ

ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်ရရှိစေမည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာတွင် အားလုံးပါဝင်ရေးမူကို ထောက်ခံသည်။

## (င) နိုင်ငံတော်၏ ဘဏ္ဍာရေး မူဝါဒ

နိုင်ငံတော်၏ ကဏ္ဍအသီးသီးမှ ရရှိသော အကောက်အခွန်များသည် ပြည်သူ့ဘဏ္ဍာငွေ ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်၏ ဘဏ္ဍာငွေများကို တိုင်းပြည်နှင့်ပြည်သူများ၏ ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကထား သုံးစွဲရန်နှင့် ပြည်နယ်နှင့် ဒေသန္တရအထိ မျှတသင့်လျော်စွာသုံးစွဲရမည်။

## (စ) စီးပွါးရေးမူဝါဒ

လွတ်လပ်ပြီး တာဝန်ခံမှုရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် လှည့်ပတ်သည့် ဈေးကွက်စီးပွါးရေး စနစ်ကို အားပေးဖော်ဆောင်သွားမည်။ ထို့အတူ ဒေသနှင့် ပြည်တွင်းလုပ်ငန်းရှင်များကို နိုင်ငံတကာ စီးပွားရေးဈေးကွက်သို့ ရင်ဘောင်တန်းနိုင်အောင် အားပေးမြှင့်တင်သွားမည်။ ကယားပြည်နယ် ဒီမိုကရက်တစ် ပါတီသည် ဒေသခံအကျိုးစီးပွားကို အထူးအလေးထားသည့် စီးပွားရေးစနစ်များကို အားပေးဖော်ဆောင် သွားမည်။

## (ဆ) ဌာနေတိုင်းရင်းသားလူနည်းစုဆိုင်ရာ မူဝါဒ

တိုင်းရင်းသားလူမျိုးများ၏ နေထိုင်ရာဒေသ၊ ဘာသာစကား၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုများသည် တိုင်းပြည်၏ ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်သောကြောင့် အစိုးရမှ ကာကွယ် ထိန်းသိမ်း မြှင့်တင် သွားရမည်။ တိုင်းရင်းသားများ၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဆိုင်ရာ တန်ဖိုးများအား ဆန့်ကျင်ဖက် မဖြစ်သည့် ဓလေ့ထုံးတမ်းနှင့်ကျင့်ဝတ်များဆိုင်ရာ အခွင့်အရေးများကို ဥပဒေများဖြင့် ကာကွယ် ပြဌာန်းကာ ဌာနေတိုင်းရင်းသားကိုယ်တိုင် ကျင့်သုံးခွင့် ရှိစေရမည်။

## (ဇ) လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးမူဝါဒ

ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးသည် နိုင်ငံသားဆိုင်ရာ နိုင်ငံရေးအခွင့်အရေး၊ လူမှုရေး အကျိုးခံစားခွင့်နှင့် လွတ်လပ်ကင်းလွတ်ခွင့်များကို တိကျကောင်းမွန်သောမူဝါဒများ ရေးဆွဲပြဌာန်းရမည်။ ထို့အပြင် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီသည် ခွဲခြားဖိနှိပ် ကျွန်ပြုမှုမရှိစေရေးအတွက် လူသားတိုင်း လူ့ဂုဏ်သိက္ခာအပြည့်နှင့် တန်းတူအခွင့်အရေးများရရှိရန် ပြဌာန်းထားသည့် အခြေခံလူ့အခွင့်အရေးများကို သဘောတူလက်မှတ်ရေးထိုးကျင့်သုံးသွားမည်။

## (ဈ) ကျန်းမာရေးမူဝါဒ

ပြည်သူတိုင်းသည် အခမဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်ခံယူခွင့် ရှိစေရမည်။ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီမှ ကျေးလက်အသီးသီးသို့ ထိရောက်စွာကူညီပေးနိုင်သည့် ကျန်းမာရေးဆိုင်ရာ အထူးမူဝါဒများကို ဖော်ဆောင်သွားမည်။

## (ည) ပညာရေးမူဝါဒ

မိခင်ဘာသာစကားကိုအခြေခံသည့် ပညာရေးကို အထူးဖော်ဆောင်၍ အခြေခံပညာရေးတွင် မသင်မနေရ အခမဲ့စနစ်မှ ဒေသအတွင်းအဆင့်မြင့်ပညာရေးများကို အရည်အသွေးပြည့်မှီစွာ ဖော်ဆောင်နိုင်သည်အထိ မူဝါဒချမှတ် အကောင်အထည်ဖော်သွားမည်။ ကျောင်းပြင်ပပညာရေးနှင့် အသက်မွေးဝမ်းကြောင်းပညာရပ်များကိုလည်း အထူးဖော်ဆောင်သွားမည်။

## (ဃ) လူမှုဖူလုံရေးဆိုင်ရာ မူဝါဒ

အရေးပေါ် လူမှုကူညီရေးရံပုံငွေ လုံလောက်စွာထားရှိရန်နှင့် လူတိုင်း အခြေခံစားဝတ်နေရေးနှင့် လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်သန်နေထိုင်နိုင်ရေးကိုဆောင်ရွက်သည့် မူဝါဒအသေးစိတ် ချမှတ် အကောင်အထည်ဖော်သွားမည်။ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်လက်မဲ့နှုန်း လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်သူများကို အရေးပေါ် ကူညီမှုဆိုင်ရာမူဝါဒများ အသေးစိတ်ချမှတ် အကောင်အထည်ဖော်သွားမည်။

## (င) အလုပ်သမား၊ လယ်သမားနှင့် ဝန်ထမ်းများဆိုင်ရာ မူဝါဒ

အလုပ်သမား၊ လယ်သမားများသည် လွတ်လပ်စွာ သမဂ္ဂများဖွဲ့စည်းခွင့်နှင့် ၎င်းတို့၏ အခွင့်အရေးကို အရေးဆိုခွင့်ရှိရမည်။ ပြည်သူ့ဝန်ထမ်းအပါအဝင် အလုပ်သမား၊ လယ်သမားများကို ကာကွယ်သော ဥပဒေထားရှိရမည့်အပြင် အဆိုပါကဏ္ဍအလိုက် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာ သင်တန်းများကို ဖော်ဆောင်ကျင့်သုံးသွားမည်။

## (စ) လူငယ်ကဏ္ဍဆိုင်ရာ မူဝါဒ

လူငယ်များနှင့် နီးနှောဖလှယ်၍ လူငယ်များဖွံ့ဖြိုးတိုးတက်ခွင့်ဆိုင်ရာ အခွင့်အလမ်းများကို ဖော်ဆောင်ရမည့် မူဝါဒများချမှတ်ပြီး အကောင်အထည် ဖော်ဆောင်ရွက်ရမည်။ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသည် တိုင်းရင်းသားလူငယ်များကို နိုင်ငံတကာလူငယ်များနှင့် ရင်ဘောင်တန်းနိုင်မည့် လူငယ်များ၏ အသိပညာ၊ စိတ်ဓာတ် နှင့် ကာယဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက်ထား၍ မူဝါဒချမှတ် အကောင်အထည်ဖော်သွားမည်။

## (ဆ) အမျိုးသမီးကဏ္ဍဆိုင်ရာ မူဝါဒ

အမျိုးသမီးများကိုယ်တိုင် ကဏ္ဍတိုင်းတွင် မူဝါဒများရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည် ဖော်ဆောင်ရာတွင်လည်းကောင်း၊ ပါဝင်ခွင့်ရှိစေရန်နှင့် CEDAW ပါ အချက်အလက်များကို အစိုးရမှ နည်းဥပဒေများဖြင့် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရေးကို လုပ်ဆောင်သွားမည်။

## (ဇ) မြေယာမူဝါဒ

မြေယာများသည် ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားများမှလာသည် ဟူသော မူကို အခြေခံ၍ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီက မြေယာပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်၊ အကျိုးခံစားခွင့်နှင့် ထုခွဲရောင်းချခွင့် စသည့်တို့ကို ဆက်လက်ရေးဆွဲ လက်ကိုင်ထားသည်။ သို့ဖြစ်၍ မြေယာနှင့် ဆက်စပ်သည့် သဘာဝသံယံဇာတများသည် ဒေသခံ ပြည်သူများနှင့်သာ သက်ဆိုင်သည်။ ထို့ကြောင့် အစိုးရမှ ပြည်သူများ၏ ဓလေ့ထုံးတမ်းများနှင့် အမွေဆိုင်ရာမြေယာပိုင်ဆိုင်ခွင့်၊ ရောင်းချခွင့်များကို မူဝါဒချမှတ် အာမခံပေးရမည်။ အစိုးရ၏ မြေသိမ်းခွင့်နှင့် အရေးပေါ် စီမံခွင့်များသည် အထက်ပါ မူဝါဒအောက်တွင် ကျင့်သုံး ဖော်ဆောင်နိုင်သည်။

## (တ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဆိုင်ရာ မူဝါ

ကျေးရွာအဆင့်၊ ဌာနေတိုင်းရင်းသားများအဆင့်၊ နိုင်ငံတော်အဆင့် သတ်မှတ်သည့် ကာကွယ်တောများကို အားပေးသွားရန်နှင့် ခုတ်ယူခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်းကို မျှတစွာကျင့်သုံးသွားမည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင် ပျက်စီးစေသည့် လုပ်ရပ်များကို တင်းကြပ်စွာတားမြစ်၍ သစ်တော၊ မြစ်ချောင်း၊ အင်းအိုင် ကာကွယ်ခြင်းများကို ထိရောက်စွာအကောင်အထည်ဖေါ် ဆောင်ရွက်သွားမည်။

## (ထ) သံယံဇာတထုတ်ယူသုံးစွဲခြင်းဆိုင်ရာ မူဝါဒ

သံယံဇာတများကိုထုတ်ယူသုံးစွဲမည့် အသေးစိတ် အစီအစဉ်နှင့်တကွ ရရှိလာသည့် အကျိုးအမြတ်များမှ နောင်ကာလ မျိုးဆက် (၂)ဆက်အတွက် (၃၀%)နှင့် ဒေသခံအကျိုးအတွက် (၃၀%) ဖယ်ယူထားရှိစေသည့်မူများချမှတ်၍ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းမရှိစေဘဲ၊ အကန့်အသတ်ဖြင့် ထုတ်ယူသုံးစွဲသည့် မူများကို ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီက ကျင့်သုံးသွားမည်။ ထို့အပြင် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးမူဝါဒများအတိုင်း ဒေသန္တရအစိုးရ၊ ပြည်နယ်အစိုးရတို့၏ စီမံပိုင်ခွင့်အောက်တွင် ရှိစေရမည်။